Form (2)

1343-C

13.10.2016

THE REPUBLIC OF THE UNION OF MYANMAR

The Myanmar Investment Commission

PERMIT

Permit No. 1167 /2016 Date 15, October 2016

This Permit is issued by the Myanmar Investment Commission according to the section 13, sub-section (b) of the Republic of the Union of Myanmar Foreign Investment Law-

(a) Name of Investor/Promoter MR. HACHIYA AKIRA

(b) Citizenship JAPANESE

(c) Address FUKUOKA, PREFECTURE TAGAWA OAZA NATSUYOSHI 395-1, JAPAN

(d) Name and Address of Principal Organization HACHIYA CO., LTD., FUKUOKA, PREFECTURE TAGAWA OAZA NATSUYOSHI 395-1, JAPAN

(e) Place of Incorporation JAPAN

(f) Type of Investment Business MANUFACTURING AND MARKETING OF CORRUGATED CARTON BOX AND BEAUTIFICATION OF CORRUGATED CARTON BOX

(g) Place(s) at which Investment is permitted PLOT NO. 98, HLAING THAYAR INDUSTRIAL ZONE-2, HLAING THAYAR TOWNSHIP, YANGON REGION

(h) Amount of Foreign Capital US$ 1.05 MILLION

(i) Period for Foreign Capital brought In WITHIN 3 (THREE) YEARS FROM THE DATE OF ISSUANCE OF MIC PERMIT

(j) Total amount of capital (Kyat) EQUIVALENT IN KYAT OF US$ 1.50 MILLION (INCLUDING US $ 1.05 MILLION)

(k) Construction Period ONE YEAR

(l) Validity of investment, permit 10 YEARS

(m) Form of investment JOINT VENTURE

(n) Name of Company incorporated in Myanmar MYANMAR HACHIYA PAPER BOX COMPANY LIMITED

13.10.16

Chairman

The Myanmar Investment Commission

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၁၁၆၇/၂၀၁၆ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၃ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ ဤခွင့်ပြုမိန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပေးလိုက်သည်-

(က) ရင်းနှီးမြှုပ်နှံသူ/ကမကထပြုသူ၏အမည် MR. HACHIYA AKIRA

(ခ) နိုင်ငံသား JAPANESE

(ဂ) နေရပ်လိပ်စာ FUKUOKA, PREFECTURE TAGAWA OAZA NATSUYOSHI 395-1, JAPAN

(ဃ) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ HACHIYA CO., LTD., FUKUOKA, PREFECTURE TAGAWA OAZA NATSUYOSHI 395-1, JAPAN

(င) ဖွဲ့စည်းရာအရပ် JAPAN

(စ) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား လှိုင်းတွန့်စက္ကူ သေတ္တာနှင့် အလှဆင် လှိုင်းတွန့် သေတ္တာများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) မြေကွက်အမှတ်-၉၈၊ လှိုင်သာယာစက်မှုဇုန်-၂ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

(ဇ) နိုင်ငံခြားမတည်ငွေရင်း ပမာဏ အမေရိကန်ဒေါ်လာ ၁.၀၅ သန်း

(ဈ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ကော်မရှင်ခွင့်ပြုမိန့်ရရှိပြီး ၃ နှစ် အတွင်း

(ည) စုစုပေါင်း မတည်ငွေရင်းပမာဏ(ကျပ်) အမေရိကန်ဒေါ်လာ ၁.၅၀ သန်းနှင့် ညီမျှသော မြန်မာငွေ (အမေရိကန်ဒေါ်လာ ၁.၀၅သန်း အပါအဝင်)

(ဋ) တည်ဆောက်မှုကာလ ၁ နှစ်

(ဌ) ရင်းနှီးမြှုပ်နှံခွင့်ပြုသည့် သက်တမ်း ၁၀ နှစ်

(ဍ) ရင်းနှီးမြှုပ်နှံမှုပုံစံ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

(ဎ) မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့် ကုမ္ပဏီ အမည် MYANMAR HACHIYA PAPER BOX COMPANY LIMITED

13.10.16

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

"Confidential" (faint)

1348-C

13.10.2016

THE REPUBLIC OF THE UNION OF MYANMAR
MYANMAR INVESTMENT COMMISSION
No.(1), Thitsar Road, Yankin Township, Yangon

Our ref : MIC-3/FI-1358/2016(1348-C) Tel : 95-01-658128

Date : 13 15 October 2016 Fax : 95-1-658141

Subject : Decision of the Myanmar Investment Commission on the Proposal for "Manufacturing and Marketing of Corrugated Carton Box and Beautification of Corrugated Carton Box" under the name of "Myanmar Hachiya Paper Box Company Limited."

Reference: Myanmar Hachiya Paper Box Company Limited Letter dated (17-5-2016)

1. The Myanmar Investment Commission, at its meeting (18/2016) held on (23-9-2016), had approved that the proposal for investment in "Manufacturing and Marketing of Corrugated Carton Box and Beautification of Corrugated Carton Box" under the name of "Myanmar Hachiya Paper Box Company Limited" submitted as a joint venture between Hachiya Co., Ltd. (70%) from Japan and Mya Thi Fuji M J Co., Ltd. (30%) from the Republic of Union of Myanmar.

2. Hence, the "Permit" is herewith issued in accordance with Chapter VII, section 13(b) of Foreign Investment Law and Chapter VIII, Rule 49 of the Foreign Investment Rules relating to Foreign Investment Law. Terms and conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be 10 (ten) years and extendable 5 (five) years in 2 (two) times period commencing from the date of the issuance of Myanmar Investment Commission's permit. The term of the Lease Agreement for Land and Buildings shall be initial 10 (ten) years from the signing date of the lease Agreement between Daw Aye Wai (Lessor) and Myanmar Hachiya Paper Box Co., Ltd. (Lessee) and extendable 5 (five) years in 2 (two) times by the mutual consent between the Lessor and the Lessee subject to the approval of Myanmar Investment Commission. On the expiry of the Lease Agreement, Lessee shall transfer immovable properties including the leased building to Lessor without any consideration within 3 (three) months in good condition, ground damages having been refilled or repaired.

4. The annual rental shall be paid shall be US $ 27260.86 (United States Dollar twenty-seven thousand, two hundred and sixty and eighty-six cents only) calculated at the rate of US $ 4.1 per square meter per year for the first year; US $ 28324.70 (United States Dollar twenty-eight thousand, three hundred and twenty-four and seventy cents only) calculated at the rate of US $ 4.26 per square meter per year for the second year; US $ 30518.86 (United States Dollar thirty thousand, five hundred and eighteen and eighty-six cents only) calculated at the rate of US $ 4.59 per square meter per year for the third year; US $ 33843.36 (United States Dollar thirty-three thousand, eight hundred and forty-three and thirty-six cents only) calculated at the rate of US $ 5.09 per square meter per year for the fourth year; US $ 34907.20 (United States Dollar thirty-four thousand, nine hundred and seven and twenty cents only) calculated at the rate of US $ 5.25 per square meter per year for the fifth and sixth year; US $ 35971.04 (United States Dollar thirty-five thousand, nine hundred and seventy-one and four cents only) calculated at the rate of US $ 5.41 per square meter per year for the seventh and eighth year; US $ 39229.04 (United States Dollar thirty-nine thousand, two hundred and twenty-nine and four cents only) calculated at the rate of US $ 5.9 per square meter per year for the ninth and tenth year of the total land and buildings measuring of 6648.99 square meter (1.643 acres).

5. In issuing this "Permit," the Commission has granted the followings exemptions and reliefs as per Chapter XII, section 27(a), (h), (i) and (k) of Foreign Investment Law. Other exemptions and reliefs under section 27 shall have to be applied upon the actual performance of the project:-

(a) As per section 27(a), income tax exemption for a period of five consecutive years including the year of commencement on commercial production;

(b) As per section 27(h), exemption or relief from customs duty or other internal taxes or both on machinery, equipment, instruments, machinery components, spare parts and materials used in the business, which are imported as they are actually required for use during the period of construction of business;

(c) As per section 27(i), exemption or relief from customs duty or other internal taxes or both on raw materials imported for production for the first three-year after the completion of construction of business;

(d) As per section 27(k), exemption or relief from commercial tax on the goods produced for export.

6. Myanmar Hachiya Paper Box Company Limited shall have to sign the Lease Agreement for land and buildings with Daw Aye Wai. Moreover, Hachiya Company Limited shall have to sign the joint venture agreement with Mya Thi Fuji M J Co., Ltd. After signing such Agreements, each of (5) copies shall have to be forwarded to the Commission.

7. Myanmar Hachiya Paper Box Company Limited in consultation with Company Division, Directorate of Investment and Company Administration shall have to be registered. After registration, (5) copies each of Certificate of Incorporation and Memorandum of Association and Articles of Association shall have to be forwarded to the Commission.

8. Myanmar Hachiya Paper Box Company Limited shall use its best efforts for timely realization of work stated on the proposal. If none of such work has been commenced within one year from the date of issue of this "Permit", it shall become null and void.

9. Myanmar Hachiya Paper Box Company Limited has to abide by Chapter X, Rules 58 and 59 of the Foreign Investment Rules for construction period.

10. As per Chapter X, Rule 61 of the Foreign Investment Rules, extension of construction period shall not be allowed more than twice except it is due to unavoidable events such as natural disasters, instabilities, riots, strikes, an emergency of State condition, insurgency and outbreak of wars.

11. As per Chapter X, Rule 63 of the Foreign Investment Rules if Myanmar Hachiya Paper Box Company Limited cannot construct completely in time the construction period or extension period, the Commission will have to withdraw the permit issued to the investor and there is no refund for the expenses of the project.

12. The investor or promoter shall apply the commencement date of commercial operation with Form (11) for their manufacturing business and report to the Commission in accordance with Foreign Investment Rule 97.

13. Myanmar Hachiya Paper Box Company Limited shall endeavour to meet the targets for production mentioned in the proposal as the minimum target.

14. The Commission approves periodical appointments of foreign experts and technicians from abroad as per proposal and also in accordance with Chapter XI, section 24 and section 25 of the Foreign Investment Law. Myanmar Hachiya Paper Box Company Limited has to follow the existing Labour Laws for the recruitment

of staffs and labours in accordance with Chapter XIII, Rule 34 of the Foreign Investment Rules.

15. In order to evaluate foreign capital and for the purpose of its registration in accordance with the provisions under Chapter XV, section 37 of the Foreign Investment Law, it is compulsory to report as early as possible in the following manner:-

(a) the amount of foreign currency brought into Myanmar, attached with the necessary documents issued by the respective bank where the account is opened and defined under Chapter XVI, Rule 134 and 135 of the Foreign Investment Rules;

(b) the detailed lists of the type and value of foreign capital defined under Chapter I, section 2(i) of Foreign Investment Law, other than foreign currency.

16. Whenever Myanmar Hachiya Paper Box Company Limited brings in foreign capital defined under Chapter I, section 2(i) of the Foreign Investment Law, other than foreign currency in the manner of paragraph 15(b) mentioned above, the Inspection Certificate endorsed and issued by an internationally recognized Inspection Firm with regard to quantity, quality and price of imported materials shall have to be attached.

17. Myanmar Hachiya Paper Box Company Limited has the right to make account transfer and expend the foreign currency from his bank account in accordance with Chapter XVI, Rule 136 of the Foreign Investment Rules and for account transfer of local currency generated from the business to the local currency account opened at the bank by a citizen or a citizen-owned business in the Union and right to transfer back the equivalent amount of foreign currency from the foreign currency bank account of a citizen or a citizen-owned business by submitting the sufficient document in accordance with Chapter XVII, Rule 145 of the Foreign Investment Rules.

18. Myanmar Hachiya Paper Box Company Limited shall report to the Commission for any alteration in the physical and financial plan of the project. Cost overrun, over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

19. Myanmar Hachiya Paper Box Company Limited shall be responsible for the preservation of the environment at and around the area of the project site. In addition to this, it shall carry out as per instructions made by Ministry of Environmental Conservation and Forestry in which to conduct Environmental

Management Plan (EMP) which describe the measure to be taken for preventing, mitigation and monitoring significant environmental impacts resulting from the implementation and operation of proposed project or business or activity. It has to prepare, submit and perform activities in accordance with this EMP and abide by the environmental policy, Environmental Conservation Law and other environmental related rules and regulations.

20. After getting permit from Myanmar Investment Commission, Myanmar Hachiya Paper Box Company Limited shall have to be registered at the Directorate of Industrial Supervision and Inspection.

21. Myanmar Hachiya Paper Box Company Limited shall have to abide by the Fire Services Department's rules, regulations, directives and instructions. Moreover, fire prevention measures shall have to undertake and install equipment such as water storage tank, fire hooks, sand bags, fire extinguishers and provide training to use the fire fighting equipment and also to be appointed the fire safety officer.

22. Payment of principal and interest of the loan (if any) as well as payment for import of raw materials and spare parts etc., shall be made out of the local sales and export earnings of Myanmar Hachiya Paper Box Company Limited.

23. Myanmar Hachiya Paper Box Company Limited in consultation with Myanma Insurance shall effect such types of insurance defined under Chapter XII, Rules 79 and 80 of the Foreign Investment Rules.

13.10.16

(Kyaw Win)
Chairman

Myanmar Hachiya Paper Box Company Limited

cc: 1. Office of the Government of the Republic of the Union of Myanmar
2. Ministry of Home Affairs
3. Ministry of Natural Resources and Environmental Conservation
4. Ministry of Labour, Immigration and Population
5. Ministry of Industry
6. Ministry of Commerce
7. Ministry of Planning and Finance
8. Office of the Yangon Region Government
9. Director General, Department of Environmental Conservation

10. Director General, Directorate of Labour
11. Director General, Department of Immigration
12. Director General, Directorate of Industrial Supervision and Inspection
13. Managing Director, No.(3) Heavy Industries Enterprises
14. Director General, Department of Trade
15. Director General, Directorate of Investment and Company Registration
16. Director General, National Archives Department
17. Director General, Customs Department
18. Director General, Internal Revenue Department

ကုမ္ပဏီအမည် - Myanmar Hachiya Paper Box Co., Ltd.

လုပ်ငန်း - လှိုင်းတွန့်စက္ကူသေတ္တာနှင့် အလှဆင်လှိုင်းတွန့်သေတ္တာများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက်ရရှိသည့်နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာလက်ခံရရှိခြင်း	၁၇-၅-၂၀၁၆		
၂	သဘောထားမှတ်ချက်တောင်းခံခြင်း			
	(က) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့	၁-၆-၂၀၁၆	၁၄-၉-၂၀၁၆	
	(ခ) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန	၁-၆-၂၀၁၆	၁၃-၆-၂၀၁၆	
	(ဂ) စက်မှုဝန်ကြီးဌာန	၁-၆-၂၀၁၆	၁၅-၆-၂၀၁၆	
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့၏(၁၉/၂၀၁၆)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခြင်း	၂၃-၅-၂၀၁၆		
၄	အဆိုပြုလွှာလက်ခံကြောင်းပြန်ကြားခြင်း	၂၅-၅-၂၀၁၆		
၅	ပုဂ္ဂလိက မြေငှားရမ်းခြင်းကိစ္စ			
	မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(၁၃/၂၀၁၆)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခြင်း	၈-၇-၂၀၁၆		
	စီးပွားရေးရာကော်မတီ(၈/၂၀၁၆)ကြိမ်မြောက်အစည်းအဝေး သို့ တင်ပြခြင်း	၁-၈-၂၀၁၆		
	ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြခြင်း	ဆောင်ရွက်ဆဲ		
၆	အဆိုပြုချက်စိစစ်ရေးအဖွဲ့၏(၁၉/၂၀၁၆)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက် ပြန်ကြားခြင်း	၂၇-၅-၂၀၁၆		
၇	အဆိုပြုချက်စိစစ်ရေးအဖွဲ့၏(၁၉/၂၀၁၆)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ ကုမ္ပဏီမှ အဆိုပြုလွှာ ပြန်လည်ပေးပို့ခြင်း	-		
၈	ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏သဘောထားမှတ်ချက်ရ ရှိမှသာပြန်လည်တင်ပြရန်အဆိုပြုလွှာအားပြန်လည်ပေးပို့ ခြင်း	၁၇-၈-၂၀၁၆		
၉	ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏သဘောထားမှတ်ချက်ရ ရှိပြီး အဆိုပြုလွှာပြန်လည်တင်ပြခြင်း	၂၀-၉-၂၀၁၆		
	စုစုပေါင်းကြာမြင့်ရက် ၁၂၅ ရက်			

အကြောင်းအရာ။ **ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Hachiya Paper Box Co., Ltd. တည်ထောင်၍ လိုင်းတွန့်စက္ကူသေတ္တာနှင့် အလှဆင်လိုင်းတွန့်သေတ္တာများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁	ကုမ္ပဏီ/ကမကထပြုသူ အမည်	- Myanmar Hachiya Paper Box Co., Ltd. - Mr. Hachiya Akira (ဂျပန်)
	အဖွဲ့အစည်းပုံသဏ္ဍာန်	- ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု - Hachiya Co., Ltd. (ဂျပန်နိုင်ငံ) (၇၀%) Mya Thi Fuji M J Co., Ltd. (မြန်မာနိုင်ငံ) (၃၀%)
	လုပ်ငန်းအမျိုးအစား	- လိုင်းတွန့်စက္ကူသေတ္တာနှင့် အလှဆင်လိုင်းတွန့် သေတ္တာများ ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း
၂	တည်နေရာ	- မြေကွက်အမှတ်- ၉၈၊ မက္ခရာမင်းသားကြီးမောင်ပျိုးလမ်း၊ လှိုင်သာယာစက်မှုဇုန်-၂၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
	မြေပိုင်ရှင်	- ဒေါ်အေးဝေ
	မြေအကျယ်အဝန်း	- မြေဧရိယာ ၁.၆၄၃ ဧက (၆၆၄၈.၉၉စတုရန်းမီတာ) ပေ ၆၀ x ပေ ၁၃၀ ဂိုဒေါင် (၁)လုံး ပေ ၆၀ x ပေ ၂၀ နှစ်ထပ်အဆောက်အဦ (၁)လုံး ပေ ၁၀ x ပေ ၁၀ လုံခြုံရေးဂိတ် (၁)လုံး
၃	မြေနှင့် အဆောက်အဦ ငှားရမ်းခနှုန်း	- ပထမနှစ် ၁ နှစ် ၁ စတုရန်မီတာလျှင် US $ ၄.၁၀ နှုန်းဖြင့် US $ ၂၇၂၆၀.၈၆ - ဒုတိယနှစ် ၁ နှစ် ၁ စတုရန်းမီတာလျှင် US $ ၄.၂၆နှုန်းဖြင့် US $ ၂၈၃၂၄.၇၀ - တတိယနှစ် ၁နှစ် ၁ စတုရန်းမီတာလျှင် US $ ၄.၅၉နှုန်းဖြင့် US $ ၃၀၅၁၈.၈၆ - စတုတ္ထနှစ် ၁နှစ် ၁ စတုရန်းမီတာလျှင် US $ ၅.၀၉နှုန်းဖြင့် US $ ၃၃၈၄၃.၃၆ - ပဉ္စမနှစ် တွင် ၁နှစ် ၁ စတုရန်းမီတာလျှင် US $ ၅.၂၅နှုန်းဖြင့် US $ ၃၄၉၀၇.၂၀ - ဆဋ္ဌမနှစ် တွင် ၁နှစ် ၁ စတုရန်းမီတာလျှင် US $ ၅.၂၅နှုန်းဖြင့် US $ ၃၄၉၀၇.၂၀ - သတ္တမနှစ် ၁နှစ် ၁ စတုရန်းမီတာလျှင် US $ ၅.၄၁နှုန်းဖြင့် US $ ၃၅၉၇၁.၀၄ - အဋ္ဌမနှစ်တွင် ၁နှစ် ၁ စတုရန်းမီတာလျှင် US $ ၅.၄၁နှုန်းဖြင့် US $ ၃၅၉၇၁.၀၄ - နဝမနှစ် တွင် ၁နှစ် ၁ စတုရန်း မီတာလျှင် US $ ၅.၉၀နှုန်းဖြင့် US $ ၃၉၂၂၉.၀၄ - ဒသမနှစ် တွင် ၁နှစ် ၁ စတုရန်း မီတာလျှင် US $ ၅.၉၀နှုန်းဖြင့် US $ ၃၉၂၂၉.၀၄

	မြေငှားရမ်းကာလ	- ကနဦး ၁၀ နှစ် သက်တမ်းတိုး ၅ နှစ် ၂ကြိမ်
	လုပ်ငန်းသက်တမ်း	- ကနဦး ၁၀ နှစ် သက်တမ်းတိုး ၅ နှစ် ၂ကြိမ်
၄	တည်ဆောက်ရေးကာလ	- ၁ နှစ် (ပြုပြင်ရေးကာလ)
၅	စုစုပေါင်းမတည်ငွေရင်းပမာဏ	- အမေရိကန်ဒေါ်လာ ၁.၅၀ သန်း (အမေရိကန် ၁ဒေါ်လာ = မြန်မာငွေ ၁၁၀၀ကျပ်နှုန်း)

ထည့်ဝင်သည့်အမျိုးအစား	ပြည်ပ US$(သန်း)	ပြည်တွင်း US$(သန်း)	စုစုပေါင်း US$(သန်း)
ငွေသား	၀.၂၉၅	၀.၄၅၀	၀.၇၄၅
စက်ပစ္စည်း(ပြည်ပဝယ်)	၀.၂၅၁	-	၀.၂၅၁
စက်ပစ္စည်း(ပြည်တွင်းဝယ်)	၀.၄၆၈	-	၀.၄၆၈
ရုံးသုံးပရိဘောဂပစ္စည်း(ပြည်တွင်းဝယ်)	၀.၀၁၄	-	၀.၀၁၄
အဆောက်အဦပြုပြင်စရိတ်	၀.၀၂၂	-	၀.၀၂၂
စုစုပေါင်း	**၁.၀၅၀**	**၀.၄၅၀**	**၁.၅၀၀**

၆	ဝန်ထမ်းအင်အား	- **၁၀၂ ဦး**
	ပြည်တွင်း (ပထမနှစ်)	၁၀၀ဦး (အနိမ့်ဆုံး ဝန်ထမ်းတစ်ဦး၏လစာမှာ ကျပ် ၁၂၀၀၀၀ ဖြစ်ပြီး အမြင့်ဆုံး ဝန်ထမ်းတစ်ဦး၏လစာမှာ ကျပ် ၃၀၀၀၀၀ဖြစ်ပါသည်။)
	ပြည်ပ (ပထမနှစ်)	၂ဦး (ဝန်ထမ်းတစ်ဦး၏လစာမှာ US $ ၁၅၀၀ ဖြစ်ပါသည်။)
၇	ရောင်းချမည့်စနစ်	- ပြည်တွင်း တွင် ၃၀% နှင့် ပြည်ပသို့ ၇၀% ရောင်းချပါမည်။
၈	ကုမ္ပဏီ၏ဝင်ငွေ (၆ နှစ်မြောက်)	- ကျပ် ၃၁၅၂.၅၈၅ သန်း
	ကုမ္ပဏီ၏ အသုံးစရိတ်	- ကျပ် ၂၅၀၇.၆၄၃ သန်း
	ကုမ္ပဏီ၏ အသားတင်အမြတ်	- ကျပ် ၆၄၄.၉၄၂ သန်း
၉	နိုင်ငံတော်မှ ရရှိမည့် အကျိုးအမြတ် (ဆဋ္ဌမနှစ်)	
	ဝင်ငွေခွန်	- ကျပ် ၂၁၄.၉၈၁ သန်း
	ကုန်သွယ်လုပ်ငန်းခွန်	- ကျပ် ၄၇.၁၈၉ သန်း
	အရင်းကြေကာလ	- ၇ နှစ်၊ ၆ လ
	အရင်းအနှီးအပေါ်အကျိုးအမြတ် ပြန်ပေါ်နှုန်း(IRR)	- ၁၅ %
၁၀	နှစ်စဉ်လျှပ်စစ်ဓာတ်အားလိုအပ်ချက်	- ၂၀၀ kWh
၁၁	ထုတ်လုပ်မှုနှင့် ရောင်းချမည့် ဈေးနှုန်း (၆ နှစ်မြောက်)	

အမျိုးအစား	ထုတ်လုပ်မှု			
	ပြည်တွင်း(၃၀%)		ပြည်ပ(၇၀%)	
	အရေအတွက် (Ton)	ရောင်းဈေးနှုန်း (ကျပ်/Ton)	အရေအတွက် (Ton)	ရောင်းဈေးနှုန်း (US$/Ton)
Corrugated Carton Box	၂၃	၁,၇၆၂,၁၄၂	၅၄	၁၆၀၃
Beautification Carton Box	၁၇၁	၅,၂၈၂,၂၀၀	၄၀၀	၄၈၀၂

၁၂	အခြား	- မြေအထောက် အထားအဖြစ် ဒေါ်အေးဝေနှင့် Myanmar Hachiya Paper Box Co., Ltd. တို့ ချုပ်ဆိုမည့် မြေငှားစာချုပ်(မူကြမ်း) အား တင်ပြ ထားပါသည်။ - မြန်မာကုမ္ပဏီ Mya Thi Fuji M J Co., Ltd. နှင့် ဂျပန်ကုမ္ပဏီ Hachiya Co., Ltd. တို့ချုပ်ဆိုမည့် ဖက်စပ် စာချုပ်မူကြမ်း တို့အား တင်ပြထားပါသည်။ - Myanmar Hachiya Paper Box Co., Ltd. ၏ ဒါရိုက်တာ အဖွဲ့ဝင်များ၏ Passportမိတ္တူများ၊ မှတ်ပုံတင်မိတ္တူ တို့အား တင်ပြထားပါသည်။ - လုပ်ငန်း တည်နေရာပြမြေပုံ၊ ထုတ်လုပ်မည့် အစီအစဥ်၊ ကုန်ပစ္စည်း ဓာတ်ပုံများ၊ ထုတ်ကုန်များ၏ စံနှုန်း (Norm)များ အား တင်ပြထားပါသည်။ - ပတ်ဝန်းကျင် ထိန်းသိမ်းရေးအစီအစဥ်၊ မီးဘေး ကြိုတင် ကာကွယ်ရေးစီမံချက်၊ လုပ်ငန်းမှ ရရှိမည့် အသားတင်အမြတ်၏ ၂% အား CSR အတွက် လျာထားကြောင်း၊ အလုပ်သမားများ အတွက် ဆောင်ရွက်ပေးမည့် ဝန်ထမ်းသက်သာချောင်ချိရေး အစီအစဥ်များ၊ တစ်နှစ်ဝင်ငွေကျပ် ၄၈ သိန်းကျော်သည့် ဝန်ထမ်း များအား ဝင်ငွေခွန်ပေးဆောင်စေမည် ဖြစ်ကြောင်း ကတိဝန်ခံ ချက်အား တင်ပြထားပါသည်။ - Hachiya Co., Ltd. သည် ဂျပန်နိုင်ငံတွင် ၁-၅-၂၀၀၉နေ့၌ ၂၉၀၈-၀၁-၀၁၇၀၄၀ ဖြင့် မှတ်ပုံတင်ထားကြောင်း အထောက် အထား၊ မြန်မာ ကုမ္ပဏီ Mya Thi Fuji MJ Co., Ltd. သည် ၁၀-၁-၂၀၁၄ တွင် ၄၈၃၁/၂၀၁၃-၂၀၁၄ ဖြင့် ကုမ္ပဏီ မှတ်ပုံတင် လက်မှတ်(မိတ္တူ) အထောက်အထားများ အား တင်ပြထားပါသည်။ - Hachiya Co., Ltd.၏ ၁၁-၁-၂၀၁၆ ရက်စွဲဖြင့် ရှယ်ယာရှင် များ၏ နှစ်ပတ်လည် အစည်းအဝေးမှတ်တမ်း၊ ၁၆-၃-၂၀၁၆ ရက်စွဲ ဖြင့် ဂျပန်နိုင်ငံ မြန်မာသံရုံးမှ ဘာသာပြန် အထောက် အထားများ တင်ပြထားပါသည်။ - ငွေကြေး အထောက်အထား အဖြစ် Hachiya Co., Ltd. သည် The Bank of Fukuoka Ltd. တွင် ၁၂-၁-၂၀၁၆ နေ့စွဲဖြင့် ဂျပန်ယန်း၂၂,၂၆၄,၇၁၃(အမေရိကန်ဒေါ်လာ၂၀၃၉၈၂.၇၁၁) ရှိကြောင်း၊ Hachiya Co., Ltd. ၏ ၂၀၁၃၊ ၂၀၁၄ ခုနှစ် စာရင်းစစ် အစီရင်ခံစာနှင့် မြန်မာကုမ္ပဏီ Mya Thi Fuji MJ Co., Ltd. သည် ကမ္ဘောဇဘဏ်တွင် ၁၂-၅-၂၀၁၆ နေ့စွဲဖြင့် အမေရိကန် ဒေါ်လာ ၉၉၂၅ ရှိကြောင်း အထောက်အထားတို့ အား တင်ပြ ထားပါသည်။

၁၃	စိစစ်တင်ပြချက်	- Hachiya Co., Ltd.နှင့် Mya Thi Fuji MJ Co., Ltd. တို့၏ ဒါရိုက်တာအဖွဲ့ အစည်းအဝေးမှတ်တမ်း၊ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများအား တင်ပြထားပါသည်။ - နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန် လျှောက်ထား လာပါသည်။ - Myanmar Hachiya Paper Box Co., Ltd. ၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့ စည်းမျဉ်းများကို တင်ပြထားပါသည်။ - ကုန်ကြမ်းပစ္စည်းများဖြစ်သည့် Raw Paper နှင့် Water Glue တို့အား ပြည်တွင်းမှ ဝယ်ယူမည်ဖြစ်ကြောင်း တင်ပြထားပါသည်။ - ကုန်ကြမ်းပစ္စည်းများအား ဂျပန်နိုင်ငံမှ တင်သွင်းမည်ဖြစ်ပြီး ထုတ်ကုန်၏ ၇၀% အား ဂျပန်နိုင်ငံသို့ ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း တင်ပြထားပါသည်။ - ထုတ်ကုန်ပစ္စည်းများ၏ အမှတ်တံဆိပ်မှာ Hachiya တံဆိပ်ဖြစ်ပြီး ထုတ်ကုန်များတွင် Made In Myanmar ဟု အသုံးပြုမည်ဟု တင်ပြထားပါသည်။

ကုမ္ပဏီအမည်	-	Myanmar Hachiya Paper Box Co., Ltd.
အဖွဲ့အစည်းပုံသဏ္ဍာန်	-	ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား	-	လှိုင်းတွန့်စက္ကူသေတ္တာနှင့် အလှဆင်စက္ကူသေတ္တာများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
တည်နေရာ	-	မြေကွက်အမှတ် -၉၈၊ မက္ခရာမင်းသားကြီးမောင်ပျိုးလမ်း၊ လှိုင်သာယာစက်မှုဇုန်-၂၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	-	အမေရိကန်ဒေါ်လာ ၁.၅၀ သန်း
ရောင်းချမည့်စနစ်	-	ပြည်တွင်း ၃၀%၊ ပြည်ပသို့ ၇၀% ရောင်းချပါမည်။
လုပ်ငန်းသက်တမ်း	-	၁၀နှစ် သက်တမ်းတိုး ၅ နှစ် ၂ ကြိမ်
အရင်းကြေကာလ	-	၇ နှစ် ၆ လ
IRR	-	၁၅ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြ အပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost	Benefit
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	ကျပ် ၃ သန်း	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး		ကျပ် ၀.၆၆၅သန်း
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	ကျပ် ၁၉.၈၀သန်း	
၄	ကုန်သွယ်လုပ်ငန်းခွန်		ကျပ် ၁၉၈.၀၀၂သန်း
၅	ဝင်ငွေခွန်	ကျပ် ၂၂၈.၄၁၄သန်း	ကျပ် ၄၂၉.၉၆၂သန်း
၆	လျှပ်စစ်မီးသုံးစွဲခ		ကျပ် ၈.၇၅၆သန်း
၇	လုပ်ခလစာအပေါ်ဝင်ငွေခွန်		တစ်နှစ်ဝင်ငွေကျပ်သိန်းနှစ်ဆယ်ထက်ကျော်ပါက အခွန်ပေးရမည့် ဝန်ထမ်း (၂) ဦး
၈	CSR (၂ %)		ကျပ် ၄၄.၀၅၄သန်း
၉	မြေနှင့်အဆောက်အဦ ငှားရမ်းခရငွေ		ကျပ် ၃၃၁.၀၂၇သန်း
၁၀	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း **၁၀၀** ဦး ပြည်ပ ၂ဦး ပြည်တွင်းလုပ်သား(၁၀၀)ဦး အလုပ်အကိုင် ရရှိမည်ဖြစ်၍ ဒေသအလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုး တိုးတက် မှုကိုအထောက်အကူပြုစေပါ သည်။ အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေပြီးဆင်းရဲနွမ်းပါးမှုလျော့ချရေးကို အထောက်အကူပြုစေနိုင်ပါသည်။
	စုစုပေါင်း	ကျပ် ၂၅၁.၂၄၁သန်း	ကျပ် ၁၀၁၂.၄၆၆ သန်း
	၁ : ၄		

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မရက- ၃/န-၁၃၅၈/၂၀၁၆(၁၂၅၂)

ရက်စွဲ၊၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့
တင်ပြမည့် အမှာစာ

အကြောင်းအရာ။ **ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Myanmar Hachiya Paper Box Co., Ltd. တည်ထောင်၍ လှိုင်းတွန့်စက္ကူသေတ္တာနှင့် အလှဆင်လှိုင်းတွန့်သေတ္တာများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်း ကိစ္စ**

၁။ ဂျပန်နိုင်ငံ Hachiya Co., Ltd. မှ ၇၀% နှင့် မြန်မာနိုင်ငံ Mya Thi Fuji M J Co., Ltd. မှ ၃၀% အစုရှယ်ယာများ ထည့်ဝင်ကာ မြန်မာနိုင်ငံတွင် Myanmar Hachiya Paper Box Co., Ltd. တည်ထောင်၍ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန်(၂)၊ မက္ခရာမင်းသားကြီး မောင်ပျိုးလမ်း၊ မြေကွက်အမှတ် -၉၈ ရှိ မြေ ၁.၆၄၃ ဧက (၆၆၄၈.၉၉ စတုရန်းမီတာ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦများအား ငှားရမ်း၍ လှိုင်းတွန့်စက္ကူသေတ္တာနှင့် အလှဆင်လှိုင်းတွန့်သေတ္တာများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအား ဖက်စပ်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုတင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့်အတူ မြေပိုင်ရှင် ဒေါ်အေးဝေနှင့် Myanmar Hachiya Paper Box Co., Ltd. တို့ချုပ်ဆိုမည့် မြေနှင့် အဆောက်အဦ ငှားရမ်းခြင်းစာချုပ် (မူကြမ်း)၊ ဂျပန်နိုင်ငံ Hachiya Co., Ltd. နှင့် မြန်မာနိုင်ငံ Mya Thi Fuji M J Co., Ltd. တို့ချုပ်ဆိုမည့် ဖက်စပ်စာချုပ် (မူကြမ်း)၊ မြန်မာနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်မည့် Myanmar Hachiya Paper Box Co., Ltd.၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း (မူကြမ်း)၊ အဆောက်အဦဓာတ်ပုံနှင့် လုပ်ငန်းတည်နေရာ ပြမြေပုံ၊ ထုတ်လုပ်မည့်နည်းစဉ်၊ ထုတ်လုပ်မည့် စက္ကူသေတ္တာနမူနာဓာတ်ပုံ တို့ကို ပူးတွဲတင်ပြထားပါသည်။

၃။ မြေနှင့် အဆောက်အဦငှားရမ်းမှုသက်တမ်းမှာ ကနဦး ၁၀ နှစ်နှင့် သက်တမ်းတိုး ၅ နှစ် ၂ ကြိမ် ဖြစ်ပါသည်။ လုပ်ငန်းဆောင်ရွက်မည့် မြေကွက်အမှတ်-၉၈ ရှိ မြေဧရိယာ ၁.၆၄၃ ဧက (၆၆၄၈.၉၉ စတုရန်းမီတာ) အား အောက်ပါ နှုန်းထားများအတိုင်း ငှားရမ်းမည် ဖြစ်ပါသည်-

ငှားရမ်းမည့်နှစ်	**၁စတုရန်းမီတာ ငှားရမ်းခနှုန်း**	**၁ နှစ် ငှားရမ်းခ**
ပထမနှစ်	US $ ၄.၁၀	US $ ၂၇,၂၆၀.၈၆

ဒုတိယနှစ်	US $ ၄.၂၆	US $ ၂၈၃၂၄.၇၀
တတိယနှစ်	US $ ၄.၅၉	US $ ၃၀၅၁၈.၈၆
စတုတ္ထနှစ်	US $ ၅.၀၉	US $ ၃၃၈၄၃.၃၆
ပဉ္စမနှစ်	US $ ၅.၂၅	US $ ၃၄၉၀၇.၂၀
ဆဋ္ဌမနှစ်	US $ ၅.၂၅	US $ ၃၄၉၀၇.၂၀
သတ္တမနှစ်	US $ ၅.၄၁	US $ ၃၅၉၇၁.၀၄
အဋ္ဌမနှစ်	US $ ၅.၄၁	US $ ၃၅၉၇၁.၀၄
နဝမနှစ်	US $ ၅.၉၀	US $ ၃၉၂၂၉.၀၄
ဒသမနှစ်	US $ ၅.၉၀	US $ ၃၉၂၂၉.၀၄

၄။ လုပ်ငန်းစီမံကိန်းကာလမှာ ကနဦး ၁၀နှစ် နှင့် သက်တမ်းတိုး ၅ နှစ် ၂ ကြိမ် ဖြစ်ပြီး အဆောက်အဦ ပြုပြင်မည့်ကာလမှာ (၁)နှစ် ဟု ဖော်ပြထားပါသည်။

၅။ လုပ်ငန်း၏ စုစုပေါင်းမတည်ငွေရင်းပမာဏမှာ US $ ၁.၅၀ သန်းဖြစ်ပြီး ထည့်ဝင်မှု ပုံစံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ထည့်ဝင်သည့်အမျိုးအစား	**ပြည်တွင်း (US$ သန်း)**	**ပြည်ပ (US$ သန်း)**	**စုစုပေါင်း (US$ သန်း)**
ငွေသား	၀.၄၅၀	၀.၂၉၅	၀.၇၄၅
စက်ပစ္စည်း(ပြည်ပ)	-	၀.၂၅၀	၀.၂၅၀
စက်ပစ္စည်း(ပြည်တွင်း)	-	၀.၄၆၈	၀.၄၆၈
ရုံးသုံးပရိဘောဂတန်ဖိုး(ပြည်တွင်း)	-	၀.၀၁၄	၀.၀၁၄
အဆောက်အဦ ပြင်ဆင်စရိတ်	-	၀.၀၂၂	၀.၀၂၂
စုစုပေါင်း	**၀.၄၅၀**	**၁.၀၅၀**	**၁.၅၀၀**

၆။ လုပ်ငန်း ဆောင်ရွက်ရန်အတွက် ပထမနှစ်တွင် ပြည်တွင်းမှ ဝန်ထမ်း(၁၀၀)ဦးနှင့် ပြည်ပမှ ဝန်ထမ်း (၂)ဦး စုစုပေါင်း (၁၀၂)ဦး ခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်းမှ အနိမ့်ဆုံး ဝန်ထမ်း တစ်ဦး၏ လစာမှာ ကျပ် ၁၂၀၀၀၀ ဖြစ်ပြီး၊ အမြင့်ဆုံး ဝန်ထမ်းတစ်ဦး၏ လစာမှာ ကျပ် ၃၀၀၀၀၀ ဖြစ်ပါသည်။ ပြည်ပမှ ဝန်ထမ်းတစ်ဦး၏ လစာမှာ US $ ၁၅၀၀ ဖြစ်ပါသည်။ HR မန်နေဂျာတစ်ဦး ခန့်ထားဆောင်ရွက်မည်ဖြစ်ပါသည်။

၇။ လုပ်ငန်းမှ ထွက်ရှိသော စက္ကူသေတ္တာများကို ပြည်တွင်းတွင် ၃၀% နှင့် ပြည်ပသို့ ၇၀% သို့ တင်ပို့ရောင်းချမည် ဖြစ်ပါသည်။ ပုံမှန်နှစ်(၆နှစ်မြောက်)၏ ထုတ်လုပ်မှု အရေအတွက်နှင့် ဈေးနှုန်းများမှာ တဖက်ပါအတိုင်း ဖြစ်ပါသည်-

အမျိုးအစား	ထုတ်လုပ်မှု			
	ပြည်တွင်းရောင်း(၃၀%)		ပြည်ပရောင်း(၇၀%)	
	အရေအတွက် (Ton)	ဈေးနှုန်း (ကျပ်/Ton)	အရေအတွက် (Ton)	ဈေးနှုန်း (US$/Ton)
Corrugated Carton Box	၂၃	၁,၇၆၂,၁၄၂	၅၄	၁၆၀၃
Beautification Carton Box	၁၇၁	၅,၂၈၂,၂၀၀	၄၀၀	၄၈၀၂

၈။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့်ကုမ္ပဏီ၏ ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ တဖက်ပါအတိုင်း ဖြစ်ပါသည်-

ကျပ် (သန်း)

(က) ဝင်ငွေ ၃၁၅၂.၅၈၅

(ခ) အသုံးစရိတ် ၂၅၀၇.၆၄၃

(ဂ) အသားတင်အမြတ် ၆၄၄.၉၄၂

၉။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ ဝင်ငွေခွန် ကျပ် ၂၁၄.၉၈၁ သန်း နှင့် ကုန်သွယ်လုပ်ငန်းခွန် ကျပ် ၄၇.၁၈၉ သန်း ရရှိမည်ဖြစ်ပြီး၊ လုပ်ငန်း၏ အရင်းကြေကာလမှာ ၇ နှစ် ၆ လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ် ပြန်ပေါ်နှုန်း IRR မှာ ၁၅% ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာလျှင် ၁,၁၀၀ကျပ် နှုန်းဖြင့် တွက်ချက်ဖော်ပြထားပါသည်။

၁၀။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနများမှ အောက်ပါအတိုင်း သဘောထား မှတ်ချက်ပြန်ကြားထားပါသည် -

(က) **ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**မှ ကန့်ကွက်ရန်မရှိပါကြောင်း သဘောထား မှတ်ချက်ပြန်ကြားထားပါသည်။ နောက်ဆက်တွဲ(က)

(ခ) **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန**မှ အဆိုပြု လုပ်ငန်း ဆောင်ရွက်ခွင့်ပြုရန် ကိစ္စနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက် များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထား မှတ်ချက် ပြန်ကြားထားပါသည် -

(၁) အဆိုပြုလုပ်ငန်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေး နှင့် ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျှော့နည်းစေရန်အတွက် လုပ်ငန်း ဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်း ဆောင်ရွက်

ရာတွင် ပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းစနစ်များ အား အသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာ တာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR) အတွက် အသားတင်အမြတ်ငွေ၏ (၂%)အား အသုံးပြု ခြင်းအပါအဝင် ကတိကဝတ်များအား လိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(၂) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု မဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံး ဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ် စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည် စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့် အစီအစဉ်၊ ပတ်ဝန်းကျင် ထိခိုက်မှု လျော့ပါးစေရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေ စသည်တို့ပါဝင်သည့် ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP) အား ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များ နှင့်အညီ အစီရင်ခံစာ ရေးသားတင်ပြရန်။

(၃) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ရန်။ **ကုမ္ပဏီမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး ဌာန၏ သဘောထား မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်မည် ဖြစ် ကြောင်း တင်ပြထားပါသည်။** **နောက်ဆက်တွဲ(ခ)**

(ဂ) **စက်မှုဝန်ကြီးဌာန**မှ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေ၊ ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေနှင့် တည်ဆဲဥပဒေ လုပ်ထုံး လုပ်နည်းများနှင့် ညီညွတ်ပါက ကန့်ကွက်ရန်မရှိပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ(ဂ)**

၁၁။ ငွေကြေး အထောက်အထား အဖြစ် Hachiya Co., Ltd. သည် The Bank of Fukuoka Ltd. တွင်၁၂-၁-၂၀၁၆ နေ့စွဲဖြင့် ဂျပန်ယန်း၂၂,၂၆၄,၇၁၃ (အမေရိကန်ဒေါ်လာ ၂၀၃၉၈၂.၇၁၁) ရှိကြောင်း၊ Hachiya Co., Ltd. ၏ ၂၀၁၃၊ ၂၀၁၄ ခုနှစ် နှစ်စဉ် အစီရင်ခံစာနှင့် မြန်မာကုမ္ပဏီ Mya Thi Fuji MJ Co., Ltd. သည် ကမ္ဘောဇဘဏ်တွင် ၁၂-၅-၂၀၁၆ နေ့စွဲဖြင့် အမေရိကန်ဒေါ်လာ ၉၉၂၅ ရှိကြောင်း အထောက်အထား၊ Hachiya Co., Ltd. သည် ဂျပန်နိုင်ငံတွင် ၁-၅-၂၀၀၉ နေ့၌ မှတ်ပုံတင်အမှတ်-၂၉၀၈-၀၁-၀၁၇၀၄၀ဖြင့် မှတ်ပုံတင်ထားကြောင်း အထောက်အထား၊ မြန်မာကုမ္ပဏီ Mya Thi Fuji MJ Co., Ltd. သည် ၁၀-၁-၂၀၁၄ နေ့တွင် မှတ်ပုံတင်အမှတ်-၄၈၃၁/၂၀၁၃-၂၀၁၄ဖြင့်မှတ်ပုံတင်ထားကြောင်း အထောက်အထား၊ ဒါရိုက်တာ အဖွဲ့ဝင်များ၏ Passport (မိတ္တူ)နှင့် မှတ်ပုံတင် (မိတ္တူ) များအား တင်ပြထားပါသည်။ Hachiya Co., Ltd.

နှင့် Mya Thi Fuji MJ Co., Ltd. တို့၏ ဒါရိုက်တာအစည်းအဝေးမှတ်တမ်းများကိုလည်းတင်ပြထား ပါသည်။

၁၂။ **မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်အနေဖြင့်** ကုမ္ပဏီမှ မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ရေလှောင်ကန်များထားရှိခြင်း၊ မီးဘေးကာကွယ်ရေးပစ္စည်းများ ဖြစ်သည့် မီးသတ်ဆေးဗူး၊ မီးသတ်ရေပိုက်ခေါင်းများ တပ်ဆင်ခြင်း၊ မီးချိတ်၊ မီးကတ်၊ သဲပုံး၊ ရေပုံးများထားရှိခြင်း၊ မီးဘေးအချက်ပေးကိရိယာများ တပ်ဆင်ခြင်း၊ မီးလောင်မှု ကြိုတင်ကာကွယ် ရန်အတွက် မီးသတ်ဦးစီးဌာနမှ သင်တန်းများအား တက်ရောက်စေခြင်း၊ မီးဘေးကြိုတင် ကာကွယ်ရေး မီးငြိမ်းသတ်ရေးအဖွဲ့များ ဖွဲ့စည်း၍ နည်းပညာပေး သင်တန်းများပို့ချခြင်း စသည်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြထားပါသည်။

၁၃။ Myanmar Hachiya Paper Box Co., Ltd. မှ နှစ်စဉ် အသားတင်အမြတ်ငွေ၏ ၂%ကို Corporate Social Responsibility အဖြစ် အသုံးပြုမည်ဖြစ်ကြောင်း တင်ပြထား ပါသည်။ ထို့အပြင် ဝန်ထမ်းများ သက်သာချောင်ချိရေး အစီအစဉ်နှင့် ဝန်ထမ်းများအတွက် ဝင်ငွေခွန် ပေးဆောင်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၄။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုပါရန် တင်ပြထားပါသည်။

၁၅။ အဆိုပါလုပ်ငန်းသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၆ ခုနှစ် မတ်လ ၂၁ ရက်စွဲဖြင့် ထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၆ ဖြင့် စီးပွားရေးလုပ်ငန်းအမျိုးအစားများပြင်ဆင်သတ်မှတ်ခြင်းတွင် နိုင်ငံသားနှင့် ဖက်စပ်စနစ်ဖြင့်သာ ဆောင်ရွက်ခွင့်ပြုသည့်လုပ်ငန်း အမျိုးအစားများ စာရင်းတွင် ပါဝင်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုနိုင်သော လုပ်ငန်းအမျိုး အစား ဖြစ်ပါသည်။

၁၆။ အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၁၉/၂၀၁၆ (၂၃-၅-၂၀၁၆) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

စိစစ်တင်ပြချက်

၁၇။ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) ကုန်ကြမ်းပစ္စည်းဖြစ်သည့် Raw Paper နှင့် Water Glue တို့အား ပြည်တွင်းနှင့်ဂျပန်နိုင်ငံတို့မှ ဝယ်ယူမည်ဖြစ်ကြောင်း ထုတ်ကုန်၏ ၇၀% အား ဂျပန် နိုင်ငံသို့ ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း တင်ပြထားပါသည်။

(ခ) ထုတ်ကုန်ပစ္စည်းများ၏ အမှတ်တံဆိပ်မှာ Hachiya တံဆိပ်ဖြစ်ပြီး ထုတ်ကုန်များတွင် Made In Myanmar ဟု အသုံးပြုမည်ဟု တင်ပြထားပါသည်။

(ဂ) ပုဂ္ဂလိကမြေတွင် ငှားရမ်းဆောင်ရွက်ခြင်းအတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူ ခွင့်ပြုပြီးမှသာ ကော်မရှင်ခွင့်ပြုမိန့် ထုတ်ပေးမည်ဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၈။ Myanmar Hachiya Paper Box Co., Ltd. တည်ထောင်၍ ရန်ကုန်တိုင်း ဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန်(၂)၊ မဂ္ဂရာမင်းသားကြီး မောင်ပျိုးလမ်း၊ မြေကွက် အမှတ်-၉၈ ရှိ မြေ ၁.၆၄၃ ဧက (၆၆၄၈.၉၉ စတုရန်းမီတာ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦ များအား ငှားရမ်း၍ လိုင်းတွန့်စက္ကူသေတ္တာနှင့် အလှဆင်လိုင်းတွန့် သေတ္တာများ ထုတ်လုပ် ရောင်းချခြင်း လုပ်ငန်း နှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(မြသူဇာ၊တွဲဖက်အတွင်းရေးမှူး)

မိတ္တူကို

ရုံးလက်ခံ

၇

ကုမ္ပဏီဒါရိုက်တာနှင့်အစုရှင်များ၏နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/အစုရှင်များ၏အမည်	ဒါရိုက်တာ/အစုရှင်များ၏ ဆက်သွယ်ရန်လိပ်စာ
၁။	Myanmar Hachiya Paper Box Co., Ltd.	Hachiya Co., Ltd. Represented by	Fukuok Prefecture Tagawa Oaza Natsuyoshi 395-1, Japan
		(၁) Mr. Hachiya Akira Managing Director Japanese TH 2544536	Fukuok Prefecture Tagawa Oaza Natsuyoshi 395-1, Japan
		(၂) Mr. Hachiya Hideyasu Director Japanese TR 1210381	Fukuok Prefecture Tagawa Oaza Natsuyoshi 395-1, Japan
		(၃) Mr. Hachiya Toyohiko Director Japanese TR 6235267	Fukuok Prefecture Tagawa Oaza Natsuyoshi 395-1, Japan
		Mya Thi Fuji MJ Co., Ltd. Represented by	အမှတ်-၇၀၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
		(၁) ဒေါ်မြသီ Director ၁၂/ဗဟန(နိုင်) ၀၇၈၀၁၇	အမှတ်-၃၄/ဒီ၊ သာသနာ့ရိပ်သာရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၁။ ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ် - ၀၉ ၄၂၀၁၆၄၃၉၀

၂။ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ -

၃။ ဆက်သွယ်ရမည့်ပုဂ္ဂိုလ်အမည်၊ရာထူး - ဦးအေးမင်းနိုင်

၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ - လှိုင်းတွန့်စက္ကူသေတ္တာနှင့် အလှဆင်လှိုင်းတွန့်သေတ္တာများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း

၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ -

၆။ ကုမ္ပဏီမှတ်ပုံတင် သက်တမ်းကုန်ဆုံးသည့်နေ့စွဲ -

၇။ ဘဏ်အမည်နှင့်ဘဏ်စာရင်းအမှတ် -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၃ / ၆ - ၃ (၇) / တိုင်းရင်းသား
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ လ ၁၄ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်

M-1495
16/9

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁. ၆. ၂၀၁၆)ရက်စွဲပါစာအမှတ်၊ မကရ-၃/ န-၁၃၅၈/၂၀၁၆(၇၃၆)

၁။ ဂျပန်နိုင်ငံ Hachiya Co., Ltd. မှ ၇၀% နှင့် မြန်မာနိုင်ငံ Mya Thi Fuji M J Co., Ltd. မှ ၃၀% အစုရှယ်ယာများ ထည့်ဝင်ကာ မြန်မာနိုင်ငံတွင် Myanmar Hachiya Paper Box Co., Ltd. တည်ထောင်၍ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန်(၂)၊ မက္ခရာမင်းသားကြီး မောင်မျိုးလမ်း၊ မြေကွက်အမှတ်-၉၈ ရှိ မြေ ၁. ၆၄၃ ဧက (၆၆၄၈. ၉၉ စတုရန်းမီတာ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦများအား ငှားရမ်း၍ တွန့်ခေါက်စက္ကူဘူးနှင့် အလှဆင်စက္ကူဘူးများ ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းအား ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာပါသည်။

၂။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါသည်။

(signature)

ဝန်ကြီးချုပ်(ကိုယ်စား)
(မြင့်သောင်း၊ တိုင်းဒေသကြီးစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး)

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီးစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး
ရန်ကုန်မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
လှိုင်သာယာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
Myanmar Hachiya Paper Box Co., Ltd.
လက်ခံစာတွဲ/မျှောစာတွဲ

D/2016/Lesson(MIC),(64)

M. ၅၉၅
13/6

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ဝဝ၁/ MIC(OSS) /ဝ၁(၁၇၅/၁၆)
ရက် စွဲ ၂ဝ၁၆ခုနှစ် ဇွန် လ ၁၃ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Myanmar Hachiya Paper Box Co.,Ltd မှ တွန့်ခေါက်စက္ကူဘူးနှင့် အလှဆင်စက္ကူဘူးများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁-၆-၂ဝ၁၆ ရက်စွဲပါစာအမှတ်၊ မကရ-၃/ န-၁၃၅၈/ ၂ဝ၁၆(၇၃၇)

၁။ ဂျပန်နိုင်ငံ Hachiya Co.,Ltd မှ ၇ဝ% နှင့် မြန်မာနိုင်ငံ Mya Thi Fuji MJ Co, Ltd မှ ၃ဝ% အစုရှယ်ယာများထည့်ဝင်ကာ မြန်မာနိုင်ငံတွင် Myanmar Hachiya Paper Box Co.,Ltdတည်ထောင်၍ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊လှိုင်သာယာစက်မှုဇုန်(၂) မင်္ဂလာရာမင်းသားကြီးမောင်မျိုးလမ်း၊ မြေကွက်အမှတ်-၉၈ရှိမြေ ၁.၆၄၃ဧက(၆၆၄၈.၉၉စတုရန်းမီတာ)နှင့် ယင်းမြေပေါ်ရှိ အဆောက်အဦးများအားငှားရမ်း၍ တွန့်ခေါက်စက္ကူဘူးများနှင့်အလှဆင်စက္ကူဘူးများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ စီစစ်ပြီးသဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ ပူးတွဲပေးပို့လာသောအဆိုပြုလွှာတွင် ရင်းနှီးမြှုပ်နှံမှုကာလမှာ ကနဦးနှစ် (၁ဝ) နှစ် နှင့် သက်တမ်းတိုး(၅)နှစ်(၂)ကြိမ်ဖြစ်ကြောင်း၊ တည်ဆောက်ရေးကာလမှာ(၁)နှစ်ဖြစ်ကြောင်း၊လုပ်သားများသက်သာချောင်ချိရေးအစီအစဉ်၊ မီးဘေးလုံခြုံရေးစီမံချက်များကိုလည်းထားရှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းမှရရှိလာမည့်အသားတင်အမြတ်ငွေ၏ (၂%) ကို လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR)လုပ်ငန်းများတွင် ထည့်ဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖော်ပြပါရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း

ရေးနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် သန့်စင်ခန့်များထားရှိပေးခြင်း၊ အမှိုက်ပုံးများထားရှိခြင်း၊ ရေမြောင်းများအားရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းနှင့် လုပ်ငန်းခွင်မှ အနံ့အသက်များထွက်ရှိခြင်းမရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၃။ Myanmar Hachiya Paper Box Co.,Ltd မှ လုပ်ငန်းများဆောင်ရွက်ခြင်းကြောင့် ထွက်ရှိလာမည့်စက္ကူဖြတ်စ၊ ညှပ်စများနှင့်စွန့်ပစ်အရည်(ရေဆိုးများ)အား စနစ်တကျစွန့်ပစ်ခြင်းမပြုဘဲ ပတ်ဝန်းကျင်ရှိ မြစ်၊ ချောင်းများအတွင်းသို့ တိုက်ရိုက်စွန့်ပစ်ပါက ပတ်ဝန်းကျင်မြေထုနှင့်ရေထုညစ်ညမ်းခြင်း၊ လုပ်ငန်းအဆင့်ဆင့်တွင် စက်များကိုအသုံးပြုဆောင်ရွက်မည်ဖြစ်သဖြင့် အသံဆူညံခြင်း စသောပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများဖြစ်ပေါ်လာနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ Myanmar Hachiya Paper Box Co.,Ltd မှ တွန့်ခေါက်စက္ကူဘူးနှင့် အလှဆင်စက္ကူဘူးများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းအား ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်းသဘောထားမှတ်ချက်ပြန်ကြားအပ်ပါသည်-

(က) အဆိုပြုလုပ်ငန်းများကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် ကျန်းမာရေးထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာ အချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့်နည်းစနစ်များအား အသုံးပြုရန်နှင့်အဆိုပြုလွှာတွင်ဖော်ပြထားသည့်လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR)အတွက် အသားတင်အမြတ်ငွေ၏(၂%)အား အသုံးပြုခြင်းအပါအဝင် ကတိကဝတ်များအားလိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ခ) အဆိုပြုလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှုမဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ် စွန့်ပစ်ပစ္စည်း/ စွန့်ပစ်အရည်စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှု စစ်ဆေးမည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးစေရေးဆောင်ရွက်မည့်လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်** (Environmental Management Plan– EMP) အား ပတ်ဝန်းကျင်

ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ အစီရင်ခံစာရေးသားတင်ပြရန်။

(ဂ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာအရည်အသွေး(ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီလိုက်နာဆောင်ရွက်ရန်။

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူများ၏ဆန္ဒနှင့်သဘောထားများရယူဆောင်ရွက်ရန်။

(ဇော်မိုး)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

NPF.1478
20.6.2016

စာအမှတ်၊ ၁၃-စမ(၂)၂၀၁၆-၂၀၁၇(၆၈၅)

ရက် စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်

သို့

M-966
22/6

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၁.၆.၂၀၁၆ ရက်စွဲပါ စာအမှတ်၊ မကရ-၃/ န-၁၃၅၈ / ၂၀၁၆ (၇၃၈)

၁။ Myanmar Hachiya Paper Box Co.,Ltd. မှ ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန်(၂)၊ မဏ္ဍရာမင်းသားကြီးမောင်မျိုးလမ်း၊ မြေကွက်အမှတ်(၉၈)တွင် တွန့်ခေါက်စက္ကူဘူးနှင့် အလှဆင်စက္ကူဘူးများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါကုမ္ပဏီမှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) ဖက်စပ်နိုင်ငံခြားရင်းနှီးမြှုပ်နှံပြီး တွန့်ခေါက်စက္ကူဘူးနှင့် အလှဆင်စက္ကူဘူးများထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်မည် ဖြစ်ပါသည်။

(ခ) လျှပ်စစ်သွယ်တန်းအသုံးပြုမှုကို လျှပ်စစ်ဥပဒေနှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) မီးဘေးအန္တရာယ်ကင်းဝေးစေရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေးတို့အတွက် သက်ဆိုင်ရာဌာနများ၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန်နှင့် ၎င်းအစီအမံအတွက် အသားတင်အမြတ်ငွေ၏ ၁% သုံးစွဲရန် လိုအပ်ပါသည်။

(ဃ) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် လျှောက်ထားဆောင်ရွက်ရန် လိုအပ်ပါသည်။

(င) ကုန်ကြမ်းလိုအပ်ချက်နှင့် ကုန်ချောထုတ်လုပ်မှု အချိုးအစား ဆီလျော်မှု ရှိပါသည်။

၃။ သို့ပါ၍ Myanmar Hachiya Paper Box Co.,Ltd. မှ တွန့်ခေါက်စက္ကူဘူးနှင့် အလှဆင်စက္ကူဘူးများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အထက်ပါ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်သွားမည်ဆိုပါက ဤဝန်ကြီးဌာနအနေဖြင့် **ကန့်ကွက်ရန်မရှိပါကြောင်း** ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ကိုကိုလွင်၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း

PROPOSAL OF THE PROMOTER

TO MAKE

JOINT VENTURE INVESTMENT

IN

REPUBLIC OF THE UNION OF MYANMAR

MANUFACTURING AND MARKETING OF CORRUGATED CARTON BOX AND BEAUTIFICATION CORRUGATED CARTON

AT

PLOT NO. (98), MAK KHAYAR MINTHAR GYI MAUNG PYOE STREET, HLAING THAR YAR INDUSTRIAL ZONE (2), HLAING THAR YAR TOWNSHIP, YANGON REGION

SUBMITTED BY

MYANMAR HACHIYA PAPER BOX COMPANY LIMITED

To

The Chairman,
Myanmar Investment Commission,

Date: May, 2016.

Subject: Submission of proposal to Myanmar Investment Commission.

We, **"Hachiya Co., Ltd."** (Japan) and **"Mya Thi Fuji M J Co., Ltd."** (Myanmar) have a great pleasure to inform you that Joint Venture Company **"Myanmar Hachiya Paper Box Co., Ltd"** will be incorporated under the Foreign Investment Law in accordance with the Myanmar Companies Act. We would like to apply MIC permit for **"Myanmar Hachiya Paper Box Co., Ltd"** which will provided Manufacturing and Marketing of Corrugated Carton Box and Beautification Corrugated Carton. at Plot No. (98), Mak Khayar Minthar Gyi Maung Pyoe Street, Hlaing Thar Yar Industrial Zone (2), Hlaing Thar Yar Township, Yangon Region, the Republic of the Union of Myanmar. The Investment proposals are submitted hereby for approval and submission for Myanmar Investment Commission.

We deeply appreciate the assistance and co-operation your good office has extended to us, and we look forward to your favourable reply.

Thank you,

Yours Faithfully,

Mr. Hachiya Akira
Managing Director
Myanmar Haciya Paper Box Co., Ltd.

To

Chairman
Myanmar Investment Commission

Date: May, 2016.

Subject : **Application for issue of Permit for Joint Venture Investment in the Republic of the Union of Myanmar.**

Dear Sir,

1. We have pleasure and honor to submit this application for the issue of the investment permit to establish and operate the Manufacturing and Marketing of Corrugated Cartoon Box and Beautification Corrugated Carton to be promoted and developed by **"Myanmar Hachiya Paper Box Co., Ltd"** a joint venture company to be formed under the Republic of the Union of Myanmar Foreign Investment Law, Myanmar Companies Act, a Joint Venture to be registered as Joint Venture Company in Myanmar.
2. We are readily prepared to incorporate a Joint Venture Company by the name of **"Hachiya Co., Ltd."** in the equity ratio of 70%, and **"Mya Thi Fuji M J Co., Ltd."** 30% on the basis of material and cash contribution as stated in the Joint Venture Agreement, as immediately as possible after obtaining your kind grant of Investment permit.
3. At the same time, in accordance with the basic principles of Foreign Investment Law, **"Hachiya Co., Ltd."** (Japan) and **"Mya Thi Fuji M J Co., Ltd."** (Myanmar) and put up this application for tax exemption.
4. The **"Hachiya Co., Ltd."** (Japan) and **"Mya Thi Fuji M J Co., Ltd."** (Myanmar) Memorandum of Association contains and objective to establish the business of Paper Box Factory, Plot No. (98), Mak Khayar Minthar Gyi Maung Pyoe Street, Hlaing Thar Yar Industrial Zone (2), Hlaing Thar Yar Township, Yangon Region. We have made a detailed account of our project in the attached project proposal, together with financial projections, which are based on realistic and factual forecasts and studies.
5. For the purpose of above application, we submit herewith the Proposal of the Promoter to make a Joint Venture in Myanmar, together with relevant supporting documents which are required for the issue of Permit from the Myanmar Investment Commission (MIC) for the MIC's consideration.

    (a) Proposal of the promoter to make Joint Venture in the Republic of the Union of Myanmar
    (b) Joint Venture Agreement (draft)
    (c) Land Lease Agreement (draft)

(d) Investment Proposal & Attachments

(e) References for Business and Financial Standing

(f) Memorandum of Association and Articles of Association of Joint Venture Company (draft)

6. We trust the above would meet your requirements and we hope that the Myanmar Investment Commission will give favourable consideration to our application as well as grant us the Investment Permit. We shall be most grateful if the Myanmar Investment Commission could kindly grant us exemptions or relief from taxation in allowed as per Section 27 of the Foreign Investment Law.

7. We shall abide by the Laws, Rules, Notifications and Regulations of the Republic of the Union of Myanmar with due regard for the development of the Republic of the Union of Myanmar.

8. We hope that we shall accomplish the project as early as possible within the target time schedule and hereby guarantee our sincerity, competence and sound financial standing to bring success to the business life of the Republic of the Union of Myanmar.

9. We are looking forward to have the most favorable consideration to this matter by the commission and be granted the exemptions along with the Permit at its earliest convenience.

With Best Regards,

Yours Sincerely,

Mr. Hachiya Akira
Managing Director
Myanmar Haciya Paper Box Co., Ltd.

To

The Chairman,
Myanmar Investment Commission,

Date : May, 2016.

Subject: Undertaking to Corporate Social Responsibility.

We, **"Hachiya Co., Ltd."** (Japan) and **"Mya Thi Fuji M J Co., Ltd."** (Myanmar) make Joint Venture and establish the **"Myanmar Hachiya Paper Box Company Limited"** will establish the the Manufacturing and Marketing of Corrugated Carton Box and Beautification Corrugated Carton at Plot No. (98), Mak Khayar Minthar Gyi Maung Pyoe Street, Hlaing Thar Yar Industrial Zone (2), Hlaing Thar Yar Township, Yangon Region, for that case we have to provide 2% of Net Profit for CSR (Corporate Social Responsibility). In which we have a plan to provide the following activities and expenditure ratio.

- to Develop for Education Sector 20%
- to Develop for Health Sector 20%
- to Develop for Social Development 20%
- to Develop for protection of Environment 20%
- to Develop for Regional Development 20%

Thanking You,

Yours Sincerely

Mr. Hachiya Akira
Managing Director
Myanmar Hachiya Paper Box Co., Ltd.

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရက်စွဲ။ ။ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်။

အကြောင်းအရာ။ ။ အဆိုပြုလွှာ ပြန်လည်တင်ပြခြင်း။

Myanmar Hachiya Paper Box Co., Ltd. သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန်(၂)၊ မက္ခရာမင်းသားကြီးမောင်ပျိုးလမ်း၊ မြေကွက်အမှတ် (၉၈)တွင် တွန့်ခေါက်စက္ကူဘူးနှင့် အလှဆင်စက္ကူဘူးများ ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်းကို ဆောင်ရွက်ရန် အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ တင်ပြလျှောက်ထားခဲ့ပါသည်။ အဆိုပြုချက်အတွက် ရန်ကုန်တိုင်းဒေသကြီး၏ သဘောထားမှတ်ချက်ရရှိပြီးဖြစ်ပါသဖြင့် ကော်မရှင်အစည်းအဝေးသို့ တင်ပြနိုင်ပါရန် အဆိုပြုလွှာအား ပြန်လည်တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

Mr. Hachiya Akira
Managing Director
Myanmar Haciya Paper Box Co., Ltd.

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

ရက်စွဲ။ ။ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ (၂၀) ရက်။

အကြောင်းအရာ။ ။ဝန်ခံကတိပြုတင်ပြခြင်း။

